
# ခါးနာရောဂါအားတိုင်းရင်းဆေးပညာအမြင်ဖြင့် လေ့လာခြင်းစာတမ်း




ဦးအောင်ကြည်ညွန့်
လက်ထောက်တိုင်းရင်းဆေးမှူး
မြို့နယ်တိုင်းရင်းဆေးကုဌာန
မင်းပြားမြို့၊ ရခိုင်ပြည်နယ်

# ၁။ ရည်ရွယ်ချက်များ

- (၁) ခါးနာဝေဒနာရှင်များအချိန်မီ ဆေးဝါးကုသမှုပြုနိုင်ရန်
- (၂) ခါးနာရောဂါအားဆေးတိုက်ကျွေးပုံ၊ ပြုစုကုသပုံတို့ကို တိုင်းရင်းဆေးပညာအမြင်ဖြင့်ချဉ်းကပ်လေ့လာနိုင်ရန်
- (၃) ရိုးရာတိုင်းရင်းဆေးပညာအပေါ်တွင် နားလည်သဘောပေါက်ပြီး ယုံကြည်စွာကုသမှုခံယူနိုင်စေရန်


ANATOMY OF THE LUMBAR SPINE
L2
L3
L4
L5
S1
L5


Disk
Nerve
Vertebra

## ၂။ နိဒါန်း

-ခါးရိုးသည်အဆစ်(၅)ဆစ်ရှိပြီး ခန္ဓာကိုယ်အလေးချိန်ကို အများဆုံးသယ်ဆောင်ထားသည်။ ကျန်းမာသည့်အခါ ခါးရိုးကို သတိမထားမိကြပဲခါးနာခါးကိုက်မှသတိထားမိကြသည်။ခါးနာစေသည့် အကြောင်းများမှာကျယ်ပြန့်သကဲ့သို့ခါးနှင့်ပတ်သက်၍ရောဂါများမှာ လည်းကျယ်ပြန့်လှသည်။

- ခါးနာခြင်းသည်အသက်အရွယ်၊ ကျား၊မ မရွေး၊ကာယဉာဏ လုပ်ငန်းခွင်နှစ်မျိုးစလုံး၌ဖြစ်နိုင်သောဝေဒနာတစ်ခုဖြစ်သည်။

-ခါးနာသည့်ဝေဒနာအားအဖျားတိုင်းသလိုတိုင်းမရသောကြောင့် လူနာ၏ခံစားချက်အမှန်ကိုမှန်းဆရန်အလွန်ခဲယဉ်းပါသည်။ မည်သည့် အကြောင်းကြောင့်ပင်ဖြစ်စေခါးနာဝေဒနာခံစားရသည်ကိုအလျင်အမြန် သက်သာပျောက်ကင်းအောင်ကုသရန်မှာအလွန်အရေးကြီးပေသည်။

# ၃။ ခါးနာရောဂါဖြစ်ကြောင်းနှင့်အမျိုးအစားများ

ခါးနာခြင်းဝေဒနာကိုဖြစ်စေသောအကြောင်းအရင်းများအားယေဘုယျအားဖြင့် (၃)မျိုးခွဲခြားလေ့လာနိုင်သည်။

၃. ၁- ရောဂါတစ်မျိုးမျိုးကြောင့်ခါးနာခြင်း

-အစာမကြေခြင်း၊အဆစ်အမြစ်ကိုက်ရောဂါ၊
သားအိမ်ရောဂါ၊ဆီးရောဂါ၊တီဘီရောဂါ၊
ကင်ဆာရောဂါ၊စိတ်ရောဂါ

၃. ၂- ထိခိုက်ဒဏ်ကြောင့်ခါးနာခြင်း

-အမြင့်မှလိမ့်ကျခြင်း၊ချော်လဲခြင်း၊မတော်တဆထိခိုက်မိခြင်း
တို့ကြောင့် ခါးရိုးနှင့်တင်ပါးပတ်ဝန်းကျင်ရှိကြွက်သား၊
အရွတ်များ၊ခါးဆစ်ရိုးများဒဏ်ရာရခြင်း၊ကျိုးခြင်း၊လွဲချော်ခြင်း




## ၃. ၃- ခါးရိုးဆစ်ချို့ယွင်းမှုကြောင့်ခါးနာခြင်း

-ကျီးပေါင်းတက်ခြင်း၊ အာရုံကြောညှပ်ခြင်း၊
မွေးရာပါခါးရိုးဆစ်မူမမှန်ခြင်း
-မနိုင်ဝန်မခြင်း၊ခါးကုန်း၍အချိန်ကြာမြင့်စွာအလုပ်
လုပ်ခြင်း၊ညီညာမှုမရှိသောအိပ်ယာ၌အိပ်ခြင်း

# ၄။ ရောဂါဖြစ်ပွားပုံ

## ၄. ၁- ဒေသနာဆေးပညာအမြင်

-အဝေးကြောင်းဖြစ်သော ကံ၊စိတ်၊ဥတု၊အာဟာရအကြောင်း
(၄)ပါးတို့ကိုလွန်ယုတ်လွဲမှားစွာကျင့် သုံးခြင်းတို့ကြောင့်
အနီးကြောင်းဖြစ်သောဓါတ်(၅)ပါးဖောက်ပြန်ပျက်စီးကာ
ခါးရိုးအဆစ်အဆက်များတွင်ဝင်ရောက်အပြစ်ပြုသောအခါ
ခါးနာခြင်းဝေဒနာဖြစ်ပေါ်လာသည်။

၄.၂-အာယုဗ္ဗေဒ(ဘေသဇ္ဇနယ)ဆေးပညာအမြင်

-အဝေးကြောင်းဖြစ်သောကာလ၊အတ္တ၊ကမ္မ တို့ကို လွန်ယုတ်လွဲမှားစွာကျင့်သုံးခြင်းကြောင့် အနီးကြောင်းဖြစ်သောဒေါသ(၃)ပါးတို့ဖောက်ပြန်အပြစ်ပြုခြင်းကြောင့်. ဓါတ်(၇)ပါးနှင့်မလများကိုလမ်းမှန်အောင်မပို့ဆောင်နိုင်သဖြင့်ခါးဆစ်ရိုးနေရာတွင်စုဝေး၊ခိုအောင်းပြီး ခါးနာရောဂါဖြစ်ရသည်။

၄.၃-အနောက်တိုင်းဆေးပညာအမြင်

-ခါးပတ်ဝန်းကျင်ရှိ ခါးရိုးဆစ်များ၊ ခါးဆစ်အတွင်းရှိ အရိုးနုချပ်ပြား (Disc) များကျွံခြင်း၊ကြွက်သား၊အရွတ်များ အမြေးများရောင်ခြင်း၊ ရောဂါတစ်ခုခုကြောင့်ချို့ယွင်းပျက်စီးခြင်း

–

ထိုပြင်ကျောက်ကပ်၊ သားအိမ်၊ ဆီးကျိတ်၊ အူမကြီးတို့တွင်ရောဂါဖြစ်ပါကခါးနာတတ်ခြင်း

–အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်ကာလနှင့် သွေးဆုံးခါနီးကာလတို့တွင်ပို၍ဖြစ်ပွားခြင်း

–အထူးသဖြင့်

- **Injury or overuse** of muscles, ligaments, and joints.

- **Pressure on nerve roots** in the spinal canal.

  - **herniated disc**, **Spondylolisthesis**, **Osteoarthritis**, **Spinal stenosis**, **Fractures**, **Osteoporosis**

## ၅။ခါးနာရောဂါ၏သာမညလက္ခဏာများ

(၁)ခါးတစ်ဝိုက်တွင် နာခြင်း၊အောင့်ခြင်း၊ထုံကျင်ခြင်း၊ပူခြင်း၊စူးခြင်း

(၂)တင်ပါး၊ပေါင်၊ခြေသလုံး နာကျင်ကိုက်ခဲခြင်း

(၃)အထိုင်အထခက်ခဲခြင်း၊ ခါးကုန်းမရခြင်း

(၄)ပုံမှန်လမ်းမလျှောက်နိုင်ခြင်း

(၅)ကြွက်သားများအားနည်းခြင်း၊သိမ်လာခြင်း

(၆)ခါးရိုးဆစ်ပုံသဏ္ဍာန်ပျက်လာခြင်း

(၇)အာရုံခံစားမှုချို့ယွင်းလာခြင်း

(၈)တစ်ခါတစ်ရံနာချေ၊ချောင်းဆိုးလျှင်ပိုနာတတ်ခြင်း

(၉)အချို့လူနာများတွင်ခါးရိုးဆစ်နှင့်ကြွက်သားများအားဖိကြည့်ပါက နာကျင်ခြင်း

(၁၀)ဆီးပူခြင်း၊အောင့်ခြင်း၊ ဆီးမကြာခဏသွားခြင်း၊ ဝမ်းချုပ်ခြင်း၊ အမျိုးသမီးများတွင်အဖြူဆင်းခြင်း၊ ဓမ္မတာမမှန်ခြင်း

## ၆။ခါးနာရောဂါအားစမ်းသပ်စစ်ဆေးခြင်း

(၁)လူနာအားမတ်တပ်ရပ်စေလျှက်ကြည့်ရှုစစ်ဆေးခြင်း

(၂)ပက်လက်လှန်၍ကြည့်ရှုစစ်ဆေးခြင်း

(၃)ဝမ်းဗိုက်ကြွက်သားကိုင်တွယ်စမ်းသပ်ခြင်း

(၄)မှောက်လျှက်အနေအထားဖြင့်ကြည့်ရှုစစ်ဆေးခြင်း

(၅)မှောက်လျှက်အနေအထားတွင်ကိုင်တွယ်စမ်းသပ်ခြင်း

(၆)ခြေကျင်းဝတ်သွေးခုန်နှုန်းအားစမ်းသပ်စစ်ဆေးခြင်း

(၇)အပူအအေးပုံမှန်ရှိ မရှိစမ်းသပ်ခြင်း

(၈)ခြေဖနောင့်ဖြင့်လမ်းလျှောက်၍ရ မရစစ်ဆေးခြင်း

(၉)ခြေဖျားထောက်၍ရ မရစစ်ဆေးခြင်း

(၁၀)ခါးကုန်း၊ကော့၊စောင်း၊လှည့်၍ရ မရနှင့် ခါးရိုးမှနာ မနာ
စမ်းသပ်ခြင်း

၇။ကျိုးပေါင်းတက်ခြင်းကြောင့်ဖြစ်သောခါးနာ

၇. ၁-ရောဂါဖြစ်ကြောင်း

(၁)ခါးရိုးဆစ်များကြားရှိအဆစ်များတွင်ထုံးခဲတတ်များ အနည်ထိုင်ခြင်း

(၂)ခါးဆစ်ရိုးအထက်အောက်နှုတ်ခမ်း၌အရိုးပိုအတက် လေးများထွက်ပေါ်လာခြင်း

(၃)ခါး၌ထိခိုက်ဒဏ်ရာရထားပြီးနောက်ဆက်တွဲအနေဖြင့် ခါးရိုး၌ထုံးသားတက်ခြင်း တို့ကြောင့်ဖြစ်ရပါသည်။

၇. ၂-ရှေ့ပြေးလက္ခဏာများ

(၁)ကျောရိုးနှင့်ခါးကြွက်သားများတင်းနေခြင်း

(၂)ကျောအောက်ပိုင်းတစ်ဖက်တစ်ချက် (သို့မဟုတ်) နှစ်ဖက်စလုံးနာကျင်နေတတ်ခြင်း

(၃)ခါးနှင့်တင်ပါးအဆက်တစ်ဝိုက်မှနာခြင်း
(၄)ခါးကုန်း၊ခါးကော့၊ခါးလှည့်ရာတွင်ခက်ခဲလာခြင်း
(၅)မကြာခဏခါးနာ၊ခါးကိုက်ခြင်း

၇. ၃-ဖြစ်ဆဲလက္ခဏာများ

(၁)ဖြစ်စတွင်ခါးမကြာခဏနာ၍ကြာလျှင်အမြဲတမ်းနာလာခြင်း
(၂)တင်ပါးခွက်များအောင့်ခြင်း၊နာကျင်ကိုက်ခဲခြင်း
(၃)ခြေထောက်များသွားလာလုပ်ရှားရာတွင်အားမရှိသလိုဖြစ်ခြင်း
(၄)ထိုင်ရာမှထလျှင်ခါးကိုရုတ်တရက်မဆန့်နိုင်ခြင်း
(၅)ခြေထောက်များရောင်ခြင်း၊လေငန်းရောဂါကဲ့သို့ခြေထောက်များ ဟန်ချက်ညီညီဖြင့်လိုသလိုမလှုပ်ရှားနိုင်ခြင်း
(၆)ကျီးပေါင်းသည့်ခါးဆစ်ရိုးပတ်ဝန်းကျင်ရှိဗဟိုအာရုံကြောမကြီး အားပိတ်ဆို့ခြင်း၊ဖိခြင်းဖြစ်ခဲ့လျှင်အောက်ပိုင်းသေခြင်း
(၇)ပက်လက်မအိပ်နိုင်ခြင်း


wiseGEEK


# ၈။အာရုံကြောညှပ်ခြင်းကြောင့်ဖြစ်သောခါးနာ

## ၈. ၁-ဖြစ်ကြောင်း

-အသက်အရွယ်ကြီးရင့်လာခြင်း၊ပြင်ပမှုတစ်စုံတစ်ရာဖြင့် ထိခိုက်မှုဖြစ်ခြင်းတို့ကြောင့်ခါးရိုးဆစ်တစ်ခုနှင့်တစ်ခုကြားရှိ အရိုးနုပြားများသည်ဖောင်းပွလာခြင်း၊အရည်အသွေးညံ့ဖျင်း လာခြင်းတို့ဖြစ်ပေါ်၍

-ခါးရိုးဆစ်တစ်ခုနှင့်တစ်ခုကြားရှိအရိုးနုပြားများကျွံခြင်းကြောင့် ခါးရိုးဆစ်နေရာများတွင်အာရုံကြောညှပ်ခြင်း

-မြီးထူးရိုးဆစ်နေရာတွင်အာရုံကြောညှပ်ခြင်း

-မြီးညောင့်ရိုးနေရာတွင်ညှပ်ခြင်း တို့ဖြစ်ပေါ်နိုင်သည်။

၈. ၂-ဖြစ်ဆဲလက္ခဏာများ

-ခါးဆစ်အလိုက်အာရုံကြောညှပ်လျှင်တွေ့ရမည့်
လက္ခဏာများမှာ-

(၁)ခါးရိုးဆစ်နံပါတ်-၁ နှင့် ၂ ၌ညှပ်လျှင်-
ဆီးခုံအောက်၊ပေါင်၊ခါးတပတ်လည်ထုံကျင်ကိုက်ခဲခြင်း

(၂)ခါးရိုးဆစ်နံပါတ်-၂ နှင့် ၃ ၌ညှပ်လျှင်-
ရှေ့ဘက်ပေါင်ခြံအောက်မှခါးတစ်ပတ်လည်ထုံကျင်
ကိုက်ခဲခြင်း

(၃)ခါးရိုးဆစ်နံပါတ်-၃ နှင့် ၄၌ညှပ်လျှင်-
ရှေ့ကဘက်ပေါင်အလယ်မှခါးတစ်ပတ်လည်ထုံကျင်
ကိုက်ခဲခြင်း

(၄)ခါးရိုးဆစ်နံပါတ်-၄ နှင့် ၅ ဥ္ဆည့်ပ်လျှင်-

ရှေ့ဘက်ပေါင်အောက်မှဒူးဆစ်အတွင်းအပြင်၊ ဘေးတစ်ဖက်တစ်ချက်ညို့သကြီးဘေးအပြင်တစ်လျှောက်မှခြေသူကြွယ်၊ ခြေခလယ်၊ခြေညှိုးတို့ ထုံကျင်ကိုက်ခဲခြင်း

(၅)ခါးရိုးဆစ်နံပါတ်-၅ နှင့် မြီးထူးရိုးနံပါတ်-၁ ကြား၌ညှပ်လျှင်-

နောက်ဖက်တင်ပါးဆုံအပေါ်ခြေသလုံးဘေးတစ်လျှောက်ခြေသန်းအထိ ထုံကျင်ကိုက်ခဲခြင်း

(၆)မြီးထူးရိုးနံပါတ်-၁ နှင့် ၂ ၌ညှပ်လျှင်-

လိင်တံ၊ဝှေးစေ့၊မိန်းမကိုယ်၊ဘယ်ညာတင်ပါးအလယ်မှ ပေါင်နောက်ခြေသလုံးတစ်လျှောက်ခြေမျက်စိထိ ထုံကျင်ကိုက်ခဲခြင်း

(၇)မြီးထူးရိုးနံပါတ်-၂ နှင့် ၃ ၌ညှပ်လျှင်-

လိင်အင်္ဂါနှင့် မြီးညှောင့်ရိုးတစ်ဝိုက်စူး၍နာခြင်း

(၈)မြီးထူးရိုးနံပါတ်-၃ နှင့် ၄ ၌ညှပ်လျှင်-

မြီးညှောင့်ရိုးတစ်ဝိုက်စူး၍နာခြင်း၊ ကိုက်ခဲခြင်းခံစားရမည်။

၉။သားအိမ်ကြောင့်ဖြစ်သောခါးနာ

၉. ၁-ရောဂါဖြစ်ကြောင်း

-အမျိုးသမီးများ မီးယပ်သွေးမမှန်ခြင်း

-ကိုယ်ဝန်ဆောင်ခြင်း

-သားအိမ်နှင့်ဆိုင်သောရောဂါများဖြစ်ခြင်း

အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် သားအိမ်ရွှေ့ခြင်း


၉. ၂-သားအိမ်ရွှေ့ခြင်းကြောင့်ဖြစ်သည့်ခံစားပြလက္ခဏာများ

(၁)*သားအိမ်လက်ယာဘက်ရွှေ့လျှင်-*

-ဆီးချုပ်၊ဆီးနီ၊ဆီးပူ၊ဆီးနည်း၊ဆီးကျန်ခြင်း

-လက်ယာဘက်ပေါင်မှခြေဖျားအထိ ထုံကျင်ကိုက်ခဲခြင်း

-လက်ယာဘက်ပါးရောင်ရမ်းခြင်း၊မျက်ခွံရောင်ခြင်း




| | L4 | L5 | S1 |
|---|---|---|---|
| **Motor weakness** | Extension of quadriceps | Dorsiflexion of great toe and foot | Plantar flexion of great toe and foot |
| **Screening examination** | Squat and rise | Heel walking | Walking on toes |
| **Reflexes** | Knee jerk diminished | None reliable | Ankle jerk diminished |

**Figure 2** – *In strength testing for low back pain, the patient is asked to walk a few steps on his or her toes and then on the heels. Inability to toe walk indicates S1 root nerve damage; inability to heel walk may indicate L4 or L5 involvement. Adapted from Agency for Health Care Policy and Research. Acute low back pain problems in adults: assessment and treatment.*

(၂)*သားအိမ်လက်ဝဲဘက်ရွေ့လျှင်-*

-ဝမ်းချုပ်ခြင်း၊စမြင်းခံခြင်း

-လက်ဝဲဘက်ပေါင်၊တင်ပါး ထုံကျင်ကိုက်ခဲခြင်း

-နောက်ကျောတက်ခြင်း၊လေတက်ခြင်း၊လက်ဝဲဘက်မျက်နှာ အမ်းခြင်း

(၃)*သားအိမ်အောက်သို့ရွေ့လျှင်-*

-ရုံခါဆီးချုပ်၊ဆီးလွန်တတ်ခြင်း၊ ရုံခါဝမ်းချုပ်ခြင်း၊ဝမ်းလွန်စွာ သွားခြင်း၊ မီးယပ်ဝမ်းကိုက်ခြင်း၊ မီးယပ်ဖြူဆင်းခြင်း

-ခြေထောက်နှစ်ဖက်နှင့်တင်ပါးဆုံမှအောက်တစ်ပိုင်းလုံး လေးလံခြင်း၊ ရောင်ရမ်းကိုက်ခဲခြင်း

(၄) *သားအိမ်အထက်သို့ရွေ့လျှင်-*

-မကြာခဏလေထိုးခြင်း၊ဆီး၊ဝမ်းလေချုပ်ခြင်း

-မျက်နှာရောင်အမ်းခြင်း၊လည်ပင်းကြောတင်းခြင်း

(၅) *သားအိမ် ထက်၊အောက်၊ဝဲ၊ယာရွေ့လျှင်-*

-အထက်တွင်ဖော်ပြခဲ့သောသားအိမ်ရွေ့ခြင်း

လက္ခဏာများရောနှောစွာတွေ့ရမည်။

၉. ၃-သားအိမ်ကြောင့်ဖြစ်သောခါးနာရောဂါကုထုံး

(၁)အပူပေးခြင်း

(၂)ဆေးလိမ်းခြင်း

(၃)ဆီလိမ်းခြင်း

(၄)သားအိမ်ပြုပြင်ခြင်း

## ၁၀။ခါးနာရောဂါကုထုံး

၁၀. ၁-ဆေးဝါးတိုက်ကျွေးခြင်း

၁၀. ၂-အပူပေးကုသခြင်း

၁၀. ၃-အကြောပြုပြင်ကုသခြင်း

၁၀. ၄-ဆေးစည်း၊ ဆေးကပ်ခြင်း၊ဆေးလိမ်းခြင်း

၁၀. ၅- Traction ဆွဲကုသခြင်း

၁၀. ၆-လေ့ကျင့်ခန်းပေးခြင်း

၁၀. ၇-အနားယူခြင်း

# ၁၀. ၁-ဆေးဝါးတိုက်ကျွေးခြင်း

-နံနက်ပိုင်း -တိုင်းရင်းဆေးခန်းသုံးဆေးနံပါတ်-

(၆)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၇)

-ရေနွေး၊ ရေကျက်အေး

-အာရုံကြောဆိုင်ရာလက္ခဏာများနှင့်

နာကျင်ကိုက်ခဲမှုများသက်သာစေရန်

-နေ့လည်ပိုင်းနှင့် ညနေပိုင်း } (၆)၊ (၁၇)၊ (၂၃)၊ (၂၇)၊ (၃၃)

-ရေနွေး၊ ရေကျက်နွေး၊ ရှောက်ရည်၊ သံပရာရည်

-အစာကြေစေရန်၊သွေးကြည်စေရန်၊အပူအပုပ်

ကြေစေရန်၊အကြောလေလျှောက်အားကောင်းစေရန်

-ညပိုင်း- (၉)၊ (၁၀)၊ (၁၂)၊ (၂၈)

-ရေအေး၊ ရေကျက်အေး၊ မန်ကျည်းမှည့်ဖျော်ရည်

-ဆီး၊ ဝမ်း၊ သွေး၊ လေမှန်ကန်ပြီး သွေးပုပ်၊လေပုပ်ကြေစေရန်

၁၀. ၂-အပူပေးကုသခြင်း

(၁)ကြပ်ထုပ်ထိုးကုသခြင်း

-ဆီ၊ထောပတ်၊ရေနွေး၊နွားနို့၊ဆား တို့ကိုအသုံးပြုခြင်း

-ဗဟိဒ္ဓအာဗန္ဓနလွန်ကဲမှုပြေစေရန်၊ သွေးလှည့်ပတ်မှုကောင်းစေရန်၊နာကျင်ကိုက်ခဲမှုသက်သာစေရန် ၊ တောင့်တင်းနေသည့်ကြွက်သားများ

၁၀. ၃-အကြောပြုပြင်ခြင်း

-ခြေဖဝါးဆိုင်ရာအကြောထောက်ကွက်များ

-ခြေသလုံးဆိုင်ရာအကြောထောက်ကွက်များ

-ပေါင်ပိုင်းဆိုင်ရာအကြောထောက်ကွက်များ

-တင်ပါးဆုံပိုင်းဆိုင်ရာအကြောထောက်ကွက်များ

-ခါးပိုင်းဆိုင်ရာအကြောထောက်ကွက်များ

၁၀. ၄-ဆေးစည်း၊ဆေးကပ်၊ဆေးလိမ်းခြင်း

-တိုင်းရင်းဆေးခန်းသုံးဆေးနံ့ပါတ်- (၂၉)၊ (၄၃)၊ စည်းဆေး

-အာရုံကြော၊ကြွက်သား၊အရွတ်ပြားများရောင်ခြင်းသက်သာစေ
ရန်၊ ငန်း၊မန်းကြေစေရန်၊ အခိုးအာကာသရစေရန်။

၁၀. ၅-Traction ဆွဲကုသခြင်း

-ညှပ်နေသောအာရုံကြောအားမူလနေရာသို့ပြန်ရောက်စေရန်


-ခါးဆွဲဆန့်ရာတွင်အထောက်အကူပြုပစ္စည်းများကိုအသုံးပြု၍စနစ်တကျကုသရမည်။

-အသက်အရွယ်၊ နောက်ဆက်တွဲရောဂါရှိ မရှိ၊ ခံနိုင်ရည်အားတို့ကိုချင့်ချိန်၍ကုသရမည်။

၁၀. ၆-လေ့ကျင့်ခန်းပေးခြင်း





Ways to rest your back

# ၁၀။ ၇-အနားယူစေခြင်း



ကျေးဇူးတင်ပါသည်